သင်တို့အနက်မှ မည်သူမဆို ဂျုမုအဟ် ဆွလာသ်ဝတ်ပြုရန်
လာရောက်လျှင် သူသည် ရေချိုးရမည်။
အဗ်ဒုလ္လာဟ်ဗင်န်အုမရ် (ရဿွိယလ္လာဟုအန်ဟုမာ)က ဆင့်ပြန်ခဲ့သည်။
အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) ဤသို့
မိန့်ကြားတော်မူသည်ကို ကျွန်ုပ်ကြားသိခဲ့ရသည်။ သင်တို့အနက်မှ မည်သူမဆို
ဂျုမုအဟ် ဆွလာသ်ဝတ်ပြုရန် လာရောက်လျှင် သူသည် ရေချိုးရမည်။
[صحيح] [متفق عليه]
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်) သည် ဂျူမုအဟ်ဆွလာသ်ဝတ်ပြုရန်
လာရောက်လိုသူအတွက် ဂျနာဗသ်(ကိုယ်မသန့်ဖြစ်ခြင်း)မှ ရေချိုးသကဲ့သို့ ရေချိုးခြင်းသည်
၎င်းအဖို့ မွတ်စ်သဟဗ်ဖြစ်ကြောင်း အလေးအနက် မိန့်ကြားတော်မူခဲ့သည်။
https://www.sunnah.global/hadeeth/my/show/5394